## အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ရော်ဘာလုပ်ငန်းကဏ္ဍ လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပခြင်း



အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ရွေးချယ်ထားသော ဦးစားပေးကဏ္ဍများအလိုက် အကောင်အထည်ဖော်မည့်ကာလကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၅ နှစ်ကာလ သတ်မှတ်လျာထား ဆောင်ရွက်လျက်ရှိပြီးဆက်လက်၍ရော်ဘာလုပ်ငန်းကဏ္ဍသည်၂၀၂၀-၂၀၂၅တွင် ဦးစားပေးကဏ္ဍတစ်ခုအဖြစ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ရွေးချယ်ဆောင်ရွက်ပြီး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် နံနက် (၁၃:၀၀) နာရီ မှ ညနေ (၁၄:၃၀) အထိ ရန်ကုန်မြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိများ၊သစ်အခြေခံ ပရိဘောဂ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် နိုင်ငံ၏ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၅ နှစ်တာကာလ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၂၀၂၀-၂၀၂၅ စီမံချက်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် တရားမဝင်ကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းများနှင့်ဥပဒေမူဘောင်များကို ရွေးချယ်ချမှတ် လုပ်ဆောင်ရန်နှင့်ရော်ဘာအခေါက်ထိန်းသိမ်းရာတွင် နည်းပညာပံ့ပိုးမှုလိုအပ်ချက်များကြောင့်လက်ရှိတွင်နည်းပညာနည်းပါးနေသည့်အတွက်ကြောင့် အထွက်နှုန်းနည်းပါးနေမှုများကိုထည့်သွင်းဆွေးနွေးပြောကြားခဲ့ပါသည်။

NES Unit